

# သမိုင်းအတွက် ခုခံကာကွယ်ခြင်း

ဉာဏ်ဦးမောင်

အလှမ်းကွာဝေးနေတာကြောင့် သမိုင်းဆိုင်ရာကျမ်းကြီး ကျမ်းခိုင်များကို ကျနစွာ မလေ့လာခဲ့ဘူးပါ။ သို့ပေမယ့် သမိုင်းဆိုင်ရာ ရာဇဝင်ဆိုင်ရာ အချက်အလက်များကို ဟိုတစ ဒီတစ ထုတ်နုတ်သုံးသပ် တင်ပြထားတဲ့ စာအုပ်တော်တော်များများကိုတော့ ဖတ်ဖြစ်ခဲ့တယ်ရယ်လို့ ပြောနိုင်ပါတယ်။ ယခု ဆောင်းပါးဖြစ်ပေါ်လာရတာကတော့ အဲဒီ ဟိုနားဒီနားဖတ်ခဲ့ရတဲ့ စာအုပ်များ ဆောင်းပါးများရဲ့ တွန်းအားကြောင့်လို့ ဆိုနိုင်မယ်ဖြစ်ပါတယ်။

အထူးသဖြင့် ရာဇဝင်သမိုင်းဆိုင်ရာစာအုပ်များနဲ့ ဆောင်းပါများမှာ ကျန်စစ်သားမင်းကြီးရဲ့အကြောင်းကို မကြာခဏဆိုသလို ဖတ်ရလေ့ရှိတယ်။ ဖတ်ရတဲ့အခါတိုင်းမှာပဲ ကျန်စစ်သားမင်းကြီးရဲ့စွမ်းဆောင်ရည်တို့ကို အားကျချီးကျူးဖြစ်ရသလို အရှင်သခင်အပေါ် သစ္စာစောင့်သိမှုကိုလဲ လေးစားနှစ်လိုဖြစ်လေ့ရှိပါတယ်။ မိမိကိုယ်တိုင် ကျန်စစ်သားမင်းကြီးလို စွမ်းရည်ထက်မြက် သစ္စာမစောင့်သိနိုင်သည့်တောင်မှ ကျန်စစ်မင်းကြီးလို ပုဂ္ဂိုလ်မျိုးကို အားကျအတုယူလိုစိတ် (အစဉ်မဟုတ်သည့်တိုင်) အခိုက်အတန့်မျှတော့ ဖြစ်ပေါ်တတ်ခဲ့ပါတယ်။ တချို့ဆောင်းပါများမှာဆို အတွေးအခေါ်ဖွံ့ဖြိုးရေးကို ပဓာနဦးတည်ပြီး ရေးသားထားတာမျိုးကိုလဲ တွေ့ရတတ်ပါတယ်။ ၄င်းဦးတည်ချက်မျိုးနဲ့ ရေးသားထားတဲ့ ဆောင်းပါးမျိုးကိုတော့ အထူးနှစ်သက်မိတတ်ပါတယ်။ ဆောင်းပါးရှင်တွေကိုလဲ လေးစားမိပါတယ်။

တကယ်တော့ သမိုင်းကိုသင်ယူခြင်း လေ့လာခြင်းရဲ့ သဘောသဘာဝကိုက စာအုပ်ပေါ်က အချက်အလက်တွေကိုစုဆောင်းပြီး ကြက်တူရွေးနှုတ်တိုက်သင်ထားသလို အလွတ်ဆောင်ထားဖို့ မဟုတ်ပါဘူး။ အဲဒီလို အချက်အလက်တွေကို နှုတ်တက်ရထားရုံနဲ့လဲ အဆင့်မြင့်တဲ့တိုးတက်မှုမျိုး ဘယ်လိုနည်းနဲ့မှ ဖြစ်လာမယ်မဟုတ်ပါဘူး။ သမိုင်းကိုမှတ်တမ်းတင်ရာမှာ အချို့အချက်အလက်များမှာဆို မှတ်တမ်းပြုသူများရဲ့ အဂတိမကင်းတဲ့ ချွတ်ယွင်းမှုများကြောင့်(အထူးသဖြင့် ဘယာဂတိ–ကြောက်ရွံ့ခြင်းကြောင့် ဘက်လိုက်ခြင်း) ကောင်းကျိုးထက် ဆိုကျိုးကိုပိုလို့ဖြစ်စေတတ်ပါသေးတယ်။ အဲဒီအခါမျိုးမှာဆိုရင် အချက်အလက်တွေကတဆင့် ရရှိနိုင်တဲ့ တွေးခေါ်မြော်မြင်မှုဟာ တကယ့်ကိုမှ အထူးအရေးပါလှပါတယ်။

ဒီနေရာမှာ ဒေါက်တာ မတင်ဝင်းရဲ့ သမိုင်းစဥ်တွင်နေရာယူခြင်းဆိုတဲ့ စာအုပ်ထဲက ပုဂံခေတ်မှ သမိုင်းအလှမျှားဆောင်းပါးကို ဖတ်နေရင်း အတွေးပွားခဲ့ရတဲ့ အချက်တစ်ခုကို တင်ပြလိုပါတယ်။ ဆောင်းပါးထဲမှာ မြန်မာနိုင်ငံသမိုင်းမှာ ပထမဆုံး ကေရာဇ်နိုင်ငံဖြစ်တဲ့ ပုဂံနန်းဆက်ကို ဒုတိယမြောက်ဆက်ခံတဲ့ စောလူးမင်းလက်ထက် ပုဂံကေရာဇ်နိုင်ငံ ပျက်မတတ်ဖြစ်ခဲ့ရကြောင်း ရေးထားပါတယ်။ စာရေးသူရဲ့ ယခုဆောင်းပါးမှာတော့ ဒီ အကြောင်းအရာတွေကို အကျယ်ပြောနေဖို့ လိုမယ်မဟုတ်လို့ မပြောတော့ပါဘူး။ ဒေါက်တာမတင်ဝင်းရဲ့ဆောင်းပါးမှာ ကျန်စစ်မင်းကြီးနဲ့ စောလူမင်းတို့ရဲ့ ဆန့်ကျင်ဖက်ပုံရိပ်လွှာများကိုလည်း ဖတ်ခဲ့ရပါတယ်။ အဲဒီပုံရိပ်လွှာများကို ဖတ်နေရင်းပဲ စာရေးသူစိတ်ထဲကို အတွေးတစ်ခုဟာ တဟုန်ထိုးဝင်ရောက်လာခဲ့ပါတယ်။

သိတဲ့အတိုင်းပါပဲ၊ စောလူးမင်းဆိုတာ ပုဂံနန်းဆက်မှာ အတန်အသင့်ထင်ရှားတဲ့မင်းပါ။ သူ ထင်ရှားပုံက ကောင်းမွန်တဲ့ ဝိသေသလက္ခဏာများနဲ့ ထင်ရှားတာတော့ မဟုတ်ပါဘူး။ ပုဂံသမိုင်း ကိုလေ့လာတဲ့ အခါတိုင်း ဘယ်လိုမှရှောင်လွှဲ မသွားနိုင်တဲ့ အနော်ရထာမင်းစောနဲ့ ကျန်စစ်မင်းကြီးတို့ ရဲ့အကြောင်းကို တွေ့မြင်ရပါလိမ့်မယ်။ ဒီအခါမှာ အနော်ရထာ မင်းကျန်စစ်တို့နဲ့ ဆက်စပ်နီးနွယ်နေတဲ့ စောလူးမင်းအကြောင်းဟာလဲ အလိုအလျောက် လေ့လာပြီးသွားသလို ဖြစ်လေ့ရှိပါတယ်။

ပုဂံကေရာဇ်နိုင်ငံတော်ကို စတင်ထူထောင်ခဲ့တဲ့ အနော်ရထာမင်းစောနဲ့ ပုဂံနိုင်ငံတော် စည်ပင်ဖွံ့ဖြိုးအောင်ကြိုးပမ်းအားထုတ်သွားတဲ့ ကျန်စစ်မင်းကြီးတို့ကြားမှာ မထင်ရှားတဲ့အနေအထားမျှသာ ဖြစ်သင့်တဲ့ စောလူးမင်းဟာ မကောင်းတဲ့လက္ခဏာများနဲ့ ပေါ်လွင်ထင်ရှားခဲ့တာပါ။ အနော်ရထာနဲ့ ကျန်စစ်မင်းတို့ရဲ့ ဂုဏ်ရည်တို့ကိုချီးပလေ စောလူးမင်းရဲ့ အားနည်းညံ့ဖျင်းမှုက ပေါ်လွင်သထက် ပေါ်လွင်လာလေပါပဲ။ အထူးသဖြင့်တော့ ပြည်တော်သာကျွန်းရှိ ငရမန်ကန်းတိုရဲ့စခန်းမှာ ဖမ်းဆီးခံနေရတဲ့ စောလူးမင်းကိုကယ်ရန် မိမိအသက်ကို မငဲ့ကွက်ပဲ ရန်သူတို့ကြား သက်စွန့်ဆံဖျား သွားရောက်ခဲ့တဲ့ အကွက်ဟာဖြင့် တကယ့်ကို သည်းထိတ်ရင်ဖိုဖြစ်ရသလို ကျန်စစ်မင်းကြီးရဲ့ သူရသတ္တိကိုလဲ များစွာမှ လေးစားအံ့ကြဖြစ်ကြရတာပါ။ စောလူးမင်းဖက်ကြပြန်တော့ ကျန်စစ်မင်းက သူ့ကို ပခုံးပေါ်မှာထမ်းပြီး အထွက် အထင်မှားပြီးအော်တဲ့ စောလူးမင်းရဲ့ အသိဉာဏ်မဲ့မှုဟာဖြင့် ကလေးငယ်များကအစ သြချရလောက်အောင်ကိုပဲ ဖြစ်ကြရပါတယ်။ ရန်သူကြားကိုရောက်နေတဲ့ မိမိကို သက်စွန့်ဆံဖျားလာရောက်ကယ်တင်တဲ့ ကျန်စစ်သားလိုသူအပေါ်မှာ အထင်မှားတယ်ဆိုတာဟာဖြင့် ဘယ်ရှုထောင့်ကကြည့်ကြည့် သံသယပွားစရာပါ။ အနော်ရထာလို ဘုရင်တစ်ပါးရဲ့သားက ဒီလောက်ထိ အသိဉာဏ်ခေါင်းပါးနေခြင်းဟာ တွေးကြည့်လျင် အနော်ရထာကို စော်ကားရာများ ကြသွားလေမလားရယ်လို့ ထင်စရာပါပဲ။ အနော်ရထာလိုမင်းတစ်ပါးကို အပြစ်တင်ဖို့ဝန်လေးတယ်ဆိုရင်လဲ ဒီဇာတ်လမ်းမျိုး သမိုင်းမှာကမ္ပည်းထိုးခံရအောင် သစ္စာစောင့်ပြသွားလေတဲ့ ကျန်စစ်သားကိုပဲ အပြစ်ဆိုရမလိုဖြစ်နေပါတယ်။

မှတ်တမ်းမှတ်ရာများကိုအခြေခံပြီး ထုတ်နုတ်ရေးသားကြတဲ့ သမိုင်းစာပေများအရ စောလူးမင်းဟာ အမည်းကွက်စွန်းထင်းသော ဘုရင်တစ်ပါးအဖြစ်သာ တွေ့မြင်ကြရမှာပါ။ အမည်းကွက်ဆိုတာတောင်မှ အချို့ဘုရင်များလို အဖြူတစ်ကွက် အမည်းတစ်ကွက် ရောယှက်နေသော အနေအထားမျိုး မဟုတ်ခဲ့ပါဘူး။ တကယ့်စင်စစ် အရာအားလုံးမည်းနက်နေသော အမည်းပြင်သက်သက်သာ ဖြစ်ပါတယ်။ ဒီတော့ စောလူးမင်းလို အရည်အသွေးညံ့ဖျင်းလှတဲ့ ဘုရင်တစ်ပါးရဲ့အုပ်ချုပ်မှုအောက်မှာနေထိုင်ကြရတဲ့ တိုင်း

သား ပြည်သူများရဲ့ဘဝဟာ ဘယ်လောက်အထိ အတိဒုက္ခရောက်ကြလေမလဲဆိုတာ စဉ်းစားကြည့်ရင် အလွယ်ပဲသိနိုင်လောက်ပါတယ်။ အဲဒီလို အခြေအနေမျိုးကို အသိဉာဏ်ပြည့်ဝတဲ့ ကျန်စစ်သားလို ပုဂ္ဂိုလ်တစ်ယောက်အနေနဲ့ ဂရုမပြုမိပဲနေမှာ မဟုတ်ပါဘူး။ ဂရုပြုမိမှာ အသေအချာပါပဲ။ ဒီနေရာမှာ စဉ်းစားစရာကောင်းတဲ့အချက်က အဲဒီအချိန်ကပြုမူခဲ့တဲ့ ကျန်စစ်သားရဲ့ လုပ်ရပ်တစ်ခုပါ။

တစ်ချိန်မှာတော့ စောလူမင်းဟာ ငရမန်ကန်းရဲ့ ဖမ်းဆီးမှုကိုခံခဲ့ရပါတယ်။ ဒါကြောင့် တိုင်းသူပြည်သားများက ကျန်စစ်သားကို ထီးနန်းဆက်ခံဖို့ တိုက်တွန်းခဲ့ကြပါတယ်။ အဲဒီအချိန်မှာ ကျန်စစ်သား အနေနဲ့ တိုင်းပြည်နိုင်ငံ စည်ပင်ထွန်းကားအောင် စွမ်းဆောင်ရည်မရှိတဲ့ စောလူးမင်းလို ပုဂ္ဂိုလ်တစ်ယောက်အပေါ်မှာ သစ္စာစောင့်မလား၊ ဒါမှမဟုတ် စွမ်းရည်မဲ့တဲ့ စောလူးမင်းလိုဘုရင်တစ်ပါးရဲ့ အုပ်ချုပ်မှုအောက်မှာ အတိဒုက္ခရောက်ကြရမဲ့ တိုင်းသားပြည်သူတွေအပေါ်မှာ သစ္စာစောင့်သိလေမလား ၊ တစ်ခုခုကိုတော့ ပြတ်သားစွာရွေးချယ်ရမည့် အနေအထားမှာရှိနေပါတယ်။ တကယ်လို့ တိုင်းသားပြည်သူတွေရဲ့ ဆန္ဒနဲ့အညီ ထီးနန်းကိုလက်ခံခဲ့ရင်တောင်မှ စောလူးအပေါ်မှာ သစ္စာမဲ့တယ်ရယ်လို့ ဘယ်လိုမှ ပြောလို့မရတဲ့ အနေအထားမှာရှိနေတာပါ။ သို့ပေမယ့် သမိုင်းဖြစ်စဉ်အရ ကျန်စစ်သားဟာ တိုင်းသား ပြည်သူတွေရဲ့ လိုအင်ဆန္ဒနဲ့ဆန့်ကျင်ပြီး စောလူးကိုသွားရောက်ကယ်တင်ခဲ့ပါတယ်။ အောင်မြင်ခဲ့ဘူးလို့ပြောရမှာပါ။

ဒီနေရာမှာ စာရေးသူစဉ်းစားမိတာက အကယ်၍များ ကျန်စစ်သားအနေနဲ့ စောလူးကိုကယ်တင်လို့ အောင်မြင်ခဲ့ရင်ဆိုတာကိုပါ။ စောလူးကိုကယ်တင်လို့အောင်မြင်ခဲ့ရင် ပုဂံထီးနန်းကို စောလူးကပြန်လည် စံမြန်းပါလိမ့်မယ်။ စောလူးလိုဘုရင်တစ်ပါး ပုဂံထီးနန်းပြန်လည်စိုးစံခွင့်ရခဲ့ရင် ပုဂံပြည်သူတွေခံစားရမည့် ဒုက္ခဟာ သေးငယ်လှမယ် မဟုတ်ပေဘူး။ မြန်မာ့သမိုင်း ပုဂံသမိုင်းဟာလဲ တစ်မျိုးတစ်ဖုံ ပြောင်းလွဲသွားမှာအမှန်ပါပဲ။ ကျန်စစ်သားမင်းကြီးဆိုတာလဲ ခုခေတ်သမိုင်းစာအုပ်များမှာ ရှာတွေ့နိုင်ကောင်းမှ ရှာတွေ့ကြမှာပါ။ ရွှေစည်းခုံလို အာနန္ဒာလိုဘုရားကြီးများကိုလဲ ဖူးခွင့်ကြုံချင်မှ ကြုံရပါလိမ့်မယ်။ တကယ်လို့ ကျန်စစ်သားလို စွမ်းရည်ပြည့်ဝသူတစ်ယောက် အနီးအနားမှာရှိနေတဲ့အတွက် စောလူးဘုရင်ဟာ ထင်သလောက်ရမ်းကားမဲ့သူ မဟုတ်ပေဘူးလိုဆိုရင်တောင်မှ ပဒေသရာဇ်ခေတ်မှာ ဘုရင်တစ်ပါးအပေါ် ဘယ်လောက်အထိ ကျန်စစ်သားအနေနဲ့ စိုးမိုးနိုင်ခွင့် တိတိကျကျပြောရရင် အကြံပြုနိုင်ခွင့် ရှိမလဲဆိုတာကလဲ စဉ်းစားစရာ အချက်တစ်ချက်ပါပဲ။ ဘယ်လိုပဲဖြစ်ဖြစ်၊ စောလူးဘုရင်ပြန်ဖြစ်ခဲ့သော်ဆိုတဲ့ စဉ်းစားမှုရဲ့ နောက်ဆက်တွဲရလဒ်ထဲမှာတော့ အကောင်းဖက်ကို ဦးတည်ဖွယ် မမြင်ခဲ့ပါဘူး။

အဲဒီလို ကောင်းကျိုးဖြစ်ထွန်းနိုင်စရာ အကြောင်းမရှိတဲ့ စောလူးလိုဘုရင်တစ်ပါးရဲ့အပေါ်မှာ ဘယ်လို အကြောင်းကြောင့် ကျန်စစ်သားအနေနဲ့ အဆုံးစွန်အတိုင်းအတာအထိ သစ္စာစောင့်သိပြသွားရတာလဲ။ ရန်သူ့လက်ကို သူ့ရဲ့ ဆင်ခြင်ဉာဏ်နည်းပါးကြောင့်(သမိုင်းဆရာများအဆိုအရ) သူ့ဟာသူရောက်သွားရတဲ့ နန်းကျဘုရင်တစ်ပါးအပေါ်မှာ ကျန်စစ်သားရဲ့ သစ္စာစောင့်သိမှုဟာ ဖြစ်သင့်တဲ့အတိုင်း အတာထက် ပိုလွန်မနေဘူးလား။ ကျန်စစ်သားနဲ့ စောလူးတို့ရဲ့ ဖြစ်ခဲ့တဲ့အနေအထားဟာ သူတို့နှစ်ဦးတည်းနဲ့သာ သက်ဆိုင်တဲ့အနေမျိုးမဟုတ်ပဲနဲ့ ပုဂံတတိုင်းတပြည်လုံးရဲ့ အရေးဖြစ်တယ်ဆိုတာ အဲဒီအချိန်က ကျန်စစ်သားအနေနဲ မစဉ်းစားသင့်ပေဘူးလား။ ကျန်စစ်သားအပေါ် စောလူးရဲ့ကျေးဇူးရှိခဲ့တဲ့အတွက် အရှင်သခင်မို့ ကျေးဇူးဆပ်တာပါဆိုခဲ့ရင်လဲ စောလူးထက်ပိုပြီး ကျန်စစ်သားအပေါ်မှာ ကျေးဇူးရှိနိုင်တဲ့ပုဂ္ဂိုလ်တစ်ဦးဦး ကျန်စစ်သားရဲ့ဝန်းကျင်(ဒါမှမဟုတ်) တိုင်းသူပြည်သားများထဲမှာ မရှိနိုင်

တော့ဘူးလား၊နောက်ပြီး ကျေးဇူးဆပ်တယ်ပဲထားပါဦး၊ ပုဂံနိုင်ငံတော်နိုင်ငံသားအားလုံးရဲ့ ဘဝတွေနဲ့ စတေးပေးဆပ်ရမည့် ကျေးဇူးတုန့်ပြန်ရမှုမျိုး ဖြစ်သင့်ပါသလား၊ စဉ်းစားစရာပါ။

ဘယ်လိုပဲဖြစ်ဖြစ် ပုံစံအမျိုးမျိုးနဲ့ရေးသားကြလေတဲ့ အနော်ရထာ၊ စောလူး၊ ကျန်စစ်မင်းတို့ပါဝင်တဲ့ ပုဂံသမိုင်းကို ဖတ်မိလေတိုင်း အနော်ရထာကိုလေးစား၊ ကျန်စစ်သားကိုအားကျ၊စောလူးကို အားမရ (တိတိကျကျဆိုရရင်) မုန်းတီးစိတ်ဖြစ်စမြဲပါပဲ။ ကျန်စစ်သားကိုအားကျရာမှာလဲ ကျန်စစ်သားရဲ့ အခြားအခြားစွမ်းဆောင်ရည်များထက် ရန်သူငရမန်ကန်းရဲ့လက်ကနေ အသက်ကို မငဲ့ကွက်ပဲ စောလူးကိုဝင်ရောက်ကယ်တင်တဲ့အကွက်ဟာဖြင့် စာရေးသူရင်ထဲကို အစွဲငြိဆုံးပါပဲ။ ငယ်စဉ်ကလေးဘဝကတည်းက မူလတန်းဖတ်စာအုပ်ထဲမှာ ဖတ်ခဲ့ရတာမို့လဲ ကျန်စစ်သားရဲ့အပြုအမူ ကျန်စစ်သားရဲ့စိတ်ဓာတ်ဟာ စာရေးသူရဲ့ရင်ထဲမှာ နက်နက်ရှိုင်းရှိုင်းရိုက်ခတ် ခံခဲ့ရပါတယ်။

ကိုယ့်အရှင်သခင်၊ ကိုယ့်ကျေးဇူးရှင်အတွက်ဆို အသက်ပေးပြီး အမြဲတမ်းသစ္စာစောင့်သိဖို့ လိုအပ်တယ်ဆိုတဲ့ အသိဟာ စောလူးနဲ့ကျန်စစ်သားတို့ရဲ့အဖြစ်ကနေ ပေးအပ်လိုက်တဲ့ ဘဝအသိ သင်္ခန်းစာတစ်ခုဖြစ်ခဲ့ရပါတယ်။ ဒီအသိဟာ ဒီလောက်နဲ့ လုံလောက်ပြီလားရယ်လို့ နောက်နောက်တုံးကတော့ မစဉ်းစားမိခဲ့ဘူးပါဘူး။ လူသားတစ်ဦးရဲ့ အခန်းကဏ္ဍကိုစဉ်းစားဖို့ မေ့နေခဲ့တယ်လို့ ပြောရမလားပါပဲ။ တကယ်ဆိုတော့ လူသားတစ်ဦးဟာ ကိုယ့်ပတ်ဝန်းကျင်အပေါ်မှာ ကိုယ့်အတိုင်းအတာနဲ့ကိုယ် တာဝန်ယူရစမြဲပါ။ အဲဒီလိုတာဝန်ယူတဲ့အခါမှာလဲ ဘဝအနေအထားအလိုက် တာဝန်ပိုင်းဟာလဲ ကွဲပြားစမြဲပါ။ မိသားစုတစ်ခုရဲ့ တာဝန်ကိုယူရတဲ့အိမ်ထောင်ဦးစီး တစ်ယောက်တာဝန်နဲ့ တစ်ရပ်တစ်ရွာလုံးရဲ့တာဝန်ကိုယူရတဲ့ ရပ်ရွာဦးစီးခေါင်းဆောင်တစ်ယောက်ရဲ့တာဝန်ဟာ မတူနိုင်ပါဘူး။ နည်းတူပါပဲ။ တစ်ရပ်တစ်ရွာကိုတာဝန်ယူရတဲ့ ရပ်ရွာဦးစီးခေါင်းဆောင်နဲ့ တစ်တိုင်းတစ်နိုင်ငံလုံးကို တာဝန်ယူရတဲ့ နိုင်ငံခေါင်းဆာင်တို့ မတူနိုင်ပါဘူး။ မိသားစုတစ်စုမျှလောက်ရဲ့ တာဝန်ကိုယူရတဲ့ အိမ်ထောင်ဦးစီးတစ်ယောက်အနေနဲ့ သူ့မိသားစုတစ်စုအပေါ် တာဝန်ကျေပွန်စေမှုကို ဦးစားပေး စဉ်းစားနိုင်ခွင့်ရှိပေမယ့် တစ်တိုင်းတစ်နိုင်ငံလုံးကို တာဝန်ယူရတဲ့နိုင်ငံခေါင်းဆောင်တစ်ဦးအနေနဲ့ ကိုယ့်မိသားစု တစ်စုလောက်အပေါ်မှာသာ တာဝန်ကျေပွန်စေမှုကို ဦးစားပေးစဉ်းစားလို့ ရနိုင်မှာ မဟုတ်ပါဘူး။ ဆိုလိုချင်တာက ကိုယ့်မိသားစု၊ ကိုယ်နဲ့ဆက်စပ်ပတ်သက်တဲ့မိသားစုလေးသာ မတောင့်မတ မကြောင့်မကျ၊ အလျှံပယ်တိုးတက်ကြီးပွား ကြွယ်ဝကုံလုံပြည့်စုံရယ်နဲ့ တစ်တိုင်း တစ်နိုင်ငံလုံး တိုးတက်ကြီးပွားပြီရယ်လို့ မှတ်ယူလို့ မရနိုင်ပေဘူးလို့ ဆိုတာကိုပါ။ တကယ်လို့ နိုင်ငံခေါင်းဆောင် အကြီးအကဲတစ်ဦးအေနေနဲ့ တစ်တိုင်းတစ်ငံလုံးရဲ့အရေးထက် မိမိအရေး၊ မိမိ မိသားစုအရေးကိုသာ ဦးစားပေးခဲ့မယ်ဆိုရင် တာဝန်ကျေတဲ့၊ မှန်ကန်တဲ့ ခေါင်းဆောင်တစ်ဦးရယ်လို့ ဘယ်လိုနည်းနဲ့မှ သတ်မှတ်လို့ရမှာ မဟုတ်ပါဘူး။ အဲဒီထက်ပိုပြီး ကိုယ်နဲ့ကိုယ့်အသိုင်းအဝိုင်းလေးတစ်ခု အကျိုးဖြစ်ထွန်းဖို့ တိုင်းသားပြည်သူတွေရဲ့ ရပိုင်ခွင့်တွေကို မတရားချိုးဖျက်ခဲ့မယ်ဆိုရင်တော့ အဲဒီလိုခေါင်းဆောင်မျိုးရဲ့ အနေအထားက ဘာလဲဆိုတာ အထူးပြောနေဖို့ပင် လိုမယ် မဟုတ်ပေဘူးပေါ့။

ဒီနေရာမှာ ကျန်စစ်သားဟာ သူနဲ့သူ့မိသားစုမျှလောက်ရဲ့တာဝန်ကိုသာ ယူရတဲ့ မိသားစုခေါင်းဆောင်တစ်ဦးမဟုတ်ပါဘူး။ ပုဂံတစ်နိုင်ငံလုံးရဲ့တာဝန်ကို ယူထားရတဲ့(သို့မဟုတ်) ယူထားသင့်တဲ့ နိုင်ငံခေါင်းဆောင်တစ်ဦးပါ။ အဲဒီအချိန်မှာ စောလူးတစ်ဦးတည်းအပေါ်မှာသာ သစ္စာစောင့်သိမှုထက် သူ့နောက်မှာရှိနေတဲ့, သူ့ကိုမျှော်လင့်အားထားနေကြတဲ့ ပုဂံတိုင်းသားပြည်သူတွေရဲ့အပေါ်မှာ ပိုပြီး တာဝန် မယူသင့်ပေဘူးလား၊ သစ္စာ မစောင့်သင့်ပေဘူးလား။

ခုလဲ ကျန်စစ်မင်းဟာ ပုဂံတိုင်းသားပြည်သူတွေရဲ့အပေါ်မှာ တာဝန်ကျေပွန်တဲ့ ခေါင်းဆောင်ကောင်း တစ်ဦး၊မင်းကောင်းတစ်ပါးဆိုတာ ဘယ်လိုမှ ငြင်းလို့မရပါဘူး။ ဘယ်သူမှလဲ ဒီအချက်ကို ငြင်းမှာ မဟုတ်ပါဘူး။ ဒါပေမယ့် ဒီအချက်တွေဟာ ငရမန်ကန်းလက်က စောလူးကိုကျန်စစ်သားကယ်တဲ့အခါ "ကျန်စစ်သား ငါ့ကိုခိုးသည်" ရယ်လို့ စောလူးအော်ခဲ့တဲ့အတွက် နောက်ဆက်တွဲဖြစ်ခဲ့ရတဲ့ ကျန်စစ်သားရဲ့ စွမ်းဆောင်ချက်တွေပါ။ အကယ်၍သာ စောလူးမင်း မအော်ခဲ့သော်၊ ပုဂံထီးနန်း စောလူးပြန်စိုးစံခဲ့သော်...

တကယ် မဖြစ်ခဲ့တဲ့အရာအတွက် သက်သက်အကြောင်းရှာစဉ်းစားပြီး စိုးရိမ်ရန်ကောလို့ လွယ်ကူစွာ ပြော၍ ရနိုင်မည် မဟုတ်ပါ။ အတိတ်, ပစ္စုပ္ပန်, အနာဂတ် ဆက်စပ်နေတဲ့ ကာလယန္တရားဖြစ်စဉ်မှာ အတိတ်သခ်ၤန်းစာများကနေပြီး မကောင်းတာကိုရှောင် ကောင်းတာဆိုဆောင်ကာ ပစ္စုပ္ပန်နဲ့ အနာဂတ်ကာလတို့အတွက် ဘဝအလှတို့ကို တည်ဆောက်ကြရမှာဖြစ်ပါတယ်။ အဲဒီလိုတည်ဆောက်ရာမှာ ယနေ့လူငယ်မျိုးဆက်သစ်တို့ရဲ့ စွမ်းအားကို အများကြီး မှီတည်ရပါလိမ့်မယ်။ လူငယ်တို့ရဲ့ ကာယစွမ်းအား၊ ဉာဏစွမ်းအားနှစ်မျိုးထဲက ဉာဏစွမ်းအားဟာ ပိုပြီးအရေးကြီးတဲ့အနေအထားမှာ ရှိနေပါတယ်။ ဒီတော့ နယ်ပယ်အသီးသီးမှာရှိနေတဲ့ လူငယ်တို့အနေနဲ့ ဘယ်အရာဟာ မှန်ကန်တဲ့အရာ၊ အတုယူသင့်တဲ့အရာ၊ ဘယ်အရာဟာ မမှန်ကန်တဲ့အရာ၊ အတု မယူသင့်တဲ့အရာရယ်လို့ ခွဲခြားနားလည်စေဖို့ ရှေ့ကသွားကြတဲ့ လူကြီးတွေရဲ့ အပေါ်မှာ လုံးဝတာဝန်ရှိပါတယ်။

ကျန်စစ်သားနဲ့ စောလူတို့ရဲ့ဖြစ်ရပ်မှာ ကျန်စစ်သားရဲ့ စောလူမင်းအပေါ် သစ္စာစောင့်သိမှုကို အတုယူအားကျစိတ်ဖြစ်စေချင်လို့ ကျန်စစ်သားရဲ့ စွမ်းဆောင်ရည်ကို ဖော်ပြရုံနဲ့ ပြည့်စုံလုံလောက်တဲ့ အသိဉာဏ်ပေးမှုမျိုး ဖြစ်နိုင်ဦးမှာ မဟုတ်ပါဘူး။ အကယ်၍ လူငယ်မျိုးဆက်သစ်တို့ရဲ့ နှလုံးသားနဲ့ ဦးနှောက်ထဲမှာ သစ္စာစောင့်သိမှုဆိုတာ အများအတွက် မလိုအပ်လှပဲ အရှင်သခင်တစ်ဦးအတွက်သာ၊ (သို့မဟုတ်) ကိုယ့်အတွက်တိုက်ရိုက် အကျိုးပြုသူ၊ ကိုယ့်အပေါ် ကျေးဇူးရှိသူ၊ ကျေးဇူးရှင်ဆိုသူ တစ်ဦးအတွက်သာဆိုတဲ့ လွဲမှားတဲ့ကောက်ချက် ဆွဲသွားမယ်ဆိုရင်တော့ အနာဂတ်လူမှုဘဝ အဆောက်အဦတစ်ခုလုံးအတွက် များစွာ ရတက် မအေးစရာသာ ဖြစ်ပါလိမ့်မယ်။ ။

ဉာဏ်ဦးမောင်

